ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

မြောင်မြို့နယ်

# လူထုဗဟိုပြုစီမံကိန်း (ဒုတိယနှစ်စက်ဝန်း )

# National Community Driven Development Project

# (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်


## Village Development Plan (VDP)

ထုံးကြိုင်ကျေးရွာ၊ဘုန်းကောင်းကျေးရွာအုပ်စု ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်


# မာတိကာ

၁။မြို့နယ်မြေပုံ
၂။ကျေးရွာမြေပုံ(တည်နေရာ)
၃။အုပ်စုတွင်ပါဝင်သော ကျေးရွာများ စာရင်း
၄။ကျေးရွာအခြေခံအချက်အလက်များ
၅။လူထုပူပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA) အကျဉ်းချုပ်
၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ
၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်း ဓါတ်ပုံများ
၈။ကျေးရွာအချက်အလက်(ပုံစံ-၁)
၉။စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)
၁၀။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)
၁၁။ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း(ပုံစံ-၄)
၁၂။အစည်းအဝေးမှတ်တမ်းများ
၁၃။ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ
၁၄။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု(Checklist For VDP)

## ၁။မြို့နယ်မြေပုံ


မြောင်မြို့နယ်၏ အခြေပြမြေပုံ
စကေး ၁ လက္မ = ၂ မိုင်
စစ်ကိုင်းတိုင်းဒေသကြီး
မြောင်မြို့
မြင်းမူမြို့နယ်
ချောင်းဦးမြို့နယ်
ဒါနံဖွန့်မြို့နယ်
မန္တလေးတိုင်းဒေသကြီး
မြင်းခြံမြို့နယ်
ရေစကြိုမြို့နယ်
မကွေးတိုင်းဒေသကြီး
1KV မြင်းမူ - မြောင်လိုင်း 95 mm²
33/11 KV,5MVA 70 mm²
66KV ACSR 150 mm²
ရည်ညွှန်းချက်
- တိုင်းခြား
- မြို့နယ်ခြား
- ကျေးရွာအုပ်စုခြား
- မြို့ပေါ်ရပ်ကွက်(၄)ရပ်ကွက်
- ကျေးရွာအုပ်စု (၄၈)အုပ်စု
- ကျေးရွာ (၈၁)ရွာ
- ကတ္တရာလမ်း
- ကျောက်ခင်းလမ်း
- မီးရထားလမ်း (၂)မိုင်
- မြစ်/ချောင်း
- မြို့နယ်ထွေ/အုပ်ရုံး
- မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်း (၃)ခု
- ရဲကင်းများ (၆)ခု

၂။ကျေးရွာမြေပုံ(တည်နေရာ)



၃။အုပ်စုတွင် ပါဝင်သောကျေးရွာစာရင်း

(က)ဘုန်းကောင်းကျေးရွာ

(ခ)ထုံးကြိုင်ကျေးရွာ

## ၄။။ကျေးရွာအခြေခံအချက်အလက်များ

မြောင်မြို့နယ်  ထုံးကြိုင်ကျေးရွာလေးကို မဂ္ဂဇီစည်သူမင်းကြီးရေယာဉ်ခရီးမှ ဖောင်စကြာနှင့်လှည့်လည်လာစဉ်ဖောင်စိုက်သည်နေရာမှ ဆံတော်ပေါ်လာသည့်အတွက် ဦးဘုရားစေတီကို ရွှေဆံတော်ဘုရားလို့  ဘွဲ့တော်ပေးခဲ့ပြီး ၎င်းဘုရားစေတီတည်စဉ်အခါက ထုံးကိုင်ရသည့်အတွက် ကျွန်တော်တို့ ရွာကလေးကို ထုံးကြိုင်ရွာလို့ အမည်ပေးခဲ့ပါသည်။ နောက်ဂမ်းလှိုင်ဘုရားစေတီနှင့် ပဲ့ရွှေကူဘုရားစေတီ နှင့် ဘုရားသုံးဆူကို မဂ္ဂဇီစည်သူမင်းကြီးကိုယ်တိုင် တည်ထားသော သမိုင်းဝင်ဘုရားများနှင့်ရှိသော ကျေးရွာလေးတစ်ရွာဖြစ်ပါသည်။  ယခင်ရွာတည်စဉ်က အိမ်ထောင်စု (၇၀) လောက်နှင့်တည်ခဲ့ပြီး ယခုအချိန်တွင်အိမ်ထောင်စု (၂၁၀) လောက်ထိရှိလာပါသည်။

### ကျေးရွာတွင်းရှိ စုစုပေါင်းအိမ်ထောင်စု နှင့် လူဦးရေ

| အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|
| ၂၁၀ | ၃၈၃ | ၄၄၃ | ၈၂၆ |

### လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| | - | -- | - | - |

### ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီးရွယ်အို | ၃၅ | ၁၅ | ၂၀ | ၃၅ |
| အမျိုးသမီးဦးဆောင် | ၄၅ | - | ၄၅ | ၄၅ |
| မသန်စွမ်း | ၂ | ၁ | ၁ | ၂ |
| မြေယာမဲ့ | ၄၀ | - | - | ၄၀ |

### ကျေးရွာရှိအခြေခံ အဆောက်အအုံများ

| ပညာရေး | ခြစ်ပါ | ကျန်းမာရေး | ခြစ်ပါ | ဘာသာရေး | |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | | ဆေးရုံ | | ဘုရား/စေတီ | √ |
| အလယ်တန်းကျောင်း | | ကျန်းမာရေးဌာန | | ဘုန်းကြီးကျောင်း | √ |
| မူလတန်းကျောင်း | √ | ကျန်းမာရေးဌာနခွဲ | | ဟိန္ဒူဘုရားကျောင်း | |
| မူကြိုကျောင်း | | ဆေးခန်း | | ခရစ်ယန်ဘုရားကျောင်း | |
| အခြား | | အခြား | | ဗလီ | |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

### အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | | ဆန်စက် | လက်လုပ်လက်စား |
| ပဲအမျိုးမျိုး | ဂက် | ချွေလှေ့စက် | ပြောင်းရွှေ့လုပ်သား |
| နှမ်း | နွား | ဈေးဆိုင် | - |
| ပြောင်းဖူး | | မြေပဲခွဲစက် | |
| | | | |

### ကျေးရွာတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးရေး | စားကျက်မြေ | သစ်တောမြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၃၂၆ ဧက | - | - | - | ၄၅ | ၈၀ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဆိုင်ကယ် | ကုန်စုံဆိုင် (အငယ်) | လက်ဖက်ရည်ဆိုင် | ချွေလှေ့ | ပဲခွဲစက် | - |
| အရေအတွက် | ၁၂၁ | ၃ | ၃ | ၄ | ၅ | |

### ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား | လှည်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၁၅ | ၁၀၀ | ၁၀၀ | - | ၈၅၀ | ၁၀၀ |

| ကျေးရွာပိုင်ဆိုင်မှုများ | ဝွန်ဒေါင်း | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် | ထော်လာဂျီ |
|---|---|---|---|---|---|---|
| အရေအတွက် | ၄၃ | ၁၂၁ | ၂၀ | ၁၅၀ | ၃ | ၂ |
| | | | | | | |

## အခြားကျေးရွာရှိအသုံးပြုနိုင်သော အရင်းအမြစ်/အချက်အလက်များ

| အရင်းအမြစ် | ဆေးခန်း | မူလတန်းကျောင်း | ဈေး | ကျွမ်းကျင်လုပ်သား | လုပ်သား | မြေတူးစက် | လမ်းကြိတ်စက် |
|---|---|---|---|---|---|---|---|
| အရေအတွက် | - | ၁ | | ၂၀ | ၁၅၀ | -- | - |

## ၅။လူထုပူပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်

## (PSA/PRA) အကျဉ်းချုပ်


| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း(Wealth Ranking) | ၃၀.၁၂.၂၀၁၆ | ချမ်းသာ၊အလယ်အလတ်နွမ်းပါး၊အနွမ်းပါးဆုံး ရပ်မိရပ်ဖ၊လူငယ်အုပ်စု | ၂၉ | ၁၈ | ၄၇ | ကျေးရွာလူမှုစီးပွား၊အုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများသတ်မှတ်ခြင်း<br>ကျေးရွာသားများနှင့်အများသဘောတူသတ်မှတ်ခြင်း |
| ၂ | ရာသီခွင်ပြပြက္ခဒိန်(seasonal ccalendar) | ၃၀.၁၂.၂၀၁၆ | ချမ်းသာ၊အလယ်အလတ်နွမ်းပါး၊အနွမ်းပါးဆုံး (အုပ်စု ၁) | ၂၈ | ၁၉ | ၄၇ | ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊နေ့စားလုပ်ငန်းများ<br>မွေးမြူရေးလုပ်ငန်းများ၊အစားအစာရရှိမှုများနှင့်<br>ပွဲတော်များ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၃ | ကျေးရွာလူမှုရေးပြနှင့်သယံဇာတပြမြေပုံ(social map/ Resource map) | ၃၀.၁၂.၂၀၁၉ | ရပ်မိရပ်ဖများ၊ ချမ်းသာ၊အလယ်အလတ် နွမ်းပါး၊အနွမ်းပါးဆုံး (အုပ်စု ၂) | ၂၈ | ၁၉ | ၄၇ | အိမ်များ၊အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေး၊လယ်ယာမြေများ၊မြစ်ချောင်းများ၊ |
| ၄ | အဖွဲ့အစည်းချိတ်ဆက်မှု (Venn Diagram) | ၃၀.၁၂.၂၀၁၉ | ချမ်းသာ၊အလယ်အလတ် နွမ်းပါး၊အနွမ်းပါးဆုံး ရပ်မိရပ်ဖ၊လူငယ်အုပ်စု | ၂၉ | ၁၈ | ၄၇ | ကျေးရွာတွင်းရှိအဖွဲ့အစည်းများမည်သို့သောလုပ်ငန်းများအတွက်မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၅ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | ၃၀.၁၂.၂၀၁၉ | ချမ်းသာ၊အလယ်အလတ် နွမ်းပါး၊အနွမ်းပါးဆုံး ရပ်မိရပ်ဖ၊လူငယ်အုပ်စု (အမျိုးသား/သမီး)ပေါင်း | ၈၅ | ၃၇ | ၁၂၂ | အမျိုးသားနှင့်အမျိုးသမီးများတန်းတူအခွင့်အရေးရရှိမှုနှင့်မရရှိသည့်အကြောင်းအရင်းများ |
| ၆ | သုံးစွဲမှုနှင့်ထိန်းချုပ်မှုပြဇယား | ၃၀.၁၂.၂၀၁၉ | ချမ်းသာ၊အလယ် အလတ်၊နွမ်းပါး၊ အနွမ်းပါးဆုံး၊ရပ်မိ ရပ်ဖ၊လူငယ်အုပ်စု၊(အမျိုးသား/သမီး) | ၂၉ | ၁၈ | ၄၇ | အမျိုးသားနှင့်အမျိုးသမီးများ သုံးစွဲမှုနှင့်ထိန်းချုပ်မှု ကိုသိရှိနိုင်ရန် |
| ၇ | အဓိကအခက်အခဲပြဿနာများ | | အမျိုး သမီးအုပ်စု | | ၇၇ | | ဆွေးနွေးထားသောအခြေခံ အဆောက်အဦးများနှင့် အသက်မွေးဝမ်းကြောင်း လုပ်ငန်းများ၊ပညာရေး၊ ကျန်းမာရေး |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၈ | အဓိကအခက်အခဲပြဿနာများ | | အမျိုး သား အုပ်စု | ၁၂၈ | | | ဆွေးနွေးထားသောအခြေခံအဆောက်အဦးများနှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ၊ပညာရေး၊ ကျန်းမာရေး | |
| ၉ | ကျေးရွာ၏(၅)နှစ်စာဦးစားပေးအစီအစဉ်ပြုဇယား (Matric Ranking) | ၃၁.၁၂.၂၀၁၆ | ချမ်းသာ၊အလယ်အလတ်နွမ်းပါး၊အနွမ်းပါးဆုံး ရပ်မိရပ်ဖ၊လူငယ်အုပ်စု (အမျိုးသား/သမီး)ပေါင်း | ၁၂၈ | ၇၇ | ၂၀၉ | အကျိုးပြုဦးရေ၊အကျိုးခံစားခွင့်နှင့် အဓိကလိုအပ်ချက်များ ပေါ် မူတည်၍ဆုံးဖြတ်သည်။ | |

## ၆။ကျေးရွာဖွံ့ ဖြိုးရေး အစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

### ၆.၁။ကျေးရွာ၏လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း။(Wealth Ranking)




| အဆင့်များ | အဆင့်သတ်မှတ်သောစံနှုန်းများ | အိမ်ခြေ | ရာခိုင်နှုန်း |
|---|---|---|---|
| အဆင်ပြေဆုံး | [illegible] TV၊ [illegible] | ၂၆ | ၁၂ |
| အသင့်အတင့်အဆင်ပြေ | [illegible] | ၂၀ | ၁၀ |
| နည်းနည်းနွမ်းပါး | [illegible] | ၉၄ | ၄၅ |
| အနွမ်းပါးဆုံး | လက်လုပ်လက်စား၊မြေယာမဲ့၊ မသန်စွမ်း | ၇၀ | ၃၃ |
| | စုစုပေါင်း | ၂၁၀ | ၁၀၀% |

### သုံးသပ်ချက်

ထုံးကြိုင်ကျေးရွာတွင် အိမ်ထောင်စု (၂၁၁)ရှိပြီး အဆင်ပြေဆုံးအိမ်ထောင်စုမှာ (၂၆) ၊ အသင့်အတင့်အဆင်ပြေအိမ်ထောင်စုမှာ (၂၀) ၊နည်းနည်းနွမ်းပါးအိမ်ထောင်စုမှာ (၉၄) နှင့် အနွမ်းပါးဆုံးအိမ်ထောင်စုမှာ (၇၁) ရှိပါသည်။ အနွမ်းပါးဆုံး အိမ်ထောင်စု (၇၁)မှာ လက်လုပ်လက်စားများဖြစ်ပြီးပိုင်ဆိုင်မြေကေမရှိသော၊မသန်းစွမ်းစသည့်အိမ်ထောင်စုများနွမ်းပါး ပါသည်။ ကျေးရွာဖွံ့ ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင်အနွမ်းပါးဆုံးသူများပါ၀င်ဆွေးနွေးနိုင်ရန် ပြုလုပ်ပေးပြီးလုပ်ငန်းစဉ်ရေးဆွဲရာတွင်လည်းထိုအုပ်စုများလုပ်ငန်းခွင်ရောက်လုပ်ကိုင်နိုင်ရန်စဉ်းစား ပေးထားသည်။

## ၆.၂။ရာသီစွင်ပြ ပြက္ခဒိန်နှင့် သုံးသပ်ခြင်း



**သုံးသပ်ချက်**

- ဝါဆို၊ ဝါခေါင်လများတွင် ရေတက်ချိန်ဖြစ်သောကြောင့် အားလပ်ချိန်ဖြစ်ပြီး အခြားဒေသသို့ လုပ်ငန်းသွားရောက်လုပ်ကိုင်သူများ အနည်းငယ်ရှိပါသည်။

- စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား အသက်မွေးဝမ်းကြောင်း ပြုကြသည်။ အဓိကစိုက်ပျိုးသီးနှံမှာ မြေပဲဖြစ်ပြီး ပဲတီ၊ မတ်ပဲ၊ နှမ်း၊ စပါး စသည့် သီးနှံများလည်းစိုက်ပျိုး ကြသည်။ တန်ဆောင်မုန်း၊ နတ်တော်လများတွင် ပိုးများကျ၍ ဝင်ငွေနည်းသည်။

အသက်မွေးဝမ်းကြောင်းလုပ်ငန်းအတွက် မွေးမြူရေးတစ်နိုင်တစ်ပိုင်နှင့် စိုက်ပျိုးရေး၊ ရေလုပ်ငန်း လုပ်ကိုင်သူအနည်းငယ်ရှိသည်။စိုက်ပျိုးမြေများသည်မြေနုများဖြစ်သောကြောင့် စိုက်ပျိုးသီးနှံများ ဖြစ်ထွန်းသော်လည်းတန်းဆောင်မုန်း၊နတ်တော်လများတွင် ပိုးများကျသောကြောင့်သီးနှံ

ထွက်နှုန်းနည်းပြီး ဆေးဖိုးခများကာ သီးနှံဈေးမကောင်းသောကြောင့် ငွေကြေးအခက်အခဲများရှိသည်။ စိုက်ပျိုးရေးသီးနှံ မျိုးကောင်းမျိုးသန့် အခက်အခဲများရှိသည်။ မွေးမြူရေးတွင် နွားကိုမွေးမြူကာ တပို့တွဲနှင့်တပေါင်းလများတွင် ခွါနာလျှာနာရောဂါ၊နားရွက်ပျရောဂါနှင့်ဒေါင်တမ်းရော ဂါများဖြစ်ပွား၍ဆေးကုသရန်ငွေကြေး အခက်အခဲများရှိသည်။

-မိုးရွာရေကျချိန်များတွင်သွားလာရခက်ခဲပါသည်။နယုန်၊ဝါဆိုနှင့်ဝါခေါင်လများတွင်ဝမ်းပျက်ဝမ်းလျော ရောဂါများဖြစ်ပွားပြီးတော်သလင်း၊သီတင်းကျွတ်နှင့်တန်ဆောင်မုန်းလများတွင် သွေးလွန်တုတ်ကွေး ရောဂါများဖြစ်ပွားသည်။

-အမျိုးသမီးများပုံမှန်ဝင်ငွေရရှိရန်အတွက် နည်းပညာများ မုန့်လုပ်ငန်း နှင့် စက်ချုပ်လုပ်ငန်းပေးခြင်းဖြင့် ဝင်ငွေရလုပ်ငန်းများရရှိလာနိုင်ပါသည်။

## ၆.၃။ကျေးရွာလူမှုရေးအရင်းအမြစ်ပြမြေပုံ နှင့် သုံးသပ်ချက်




**သုံးသပ်ချက်**

ထုံးကြိုင်ကျေးရွာတွင် အိမ်ထောင်စု (၂၁၀) ရှိပြီးအားလုံးမှာဗမာလူမျိုးများဖြစ်ပြီးဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည်။စိုက်ပျိုးရေးကိုအဓိကအသက်မွေးဝမ်းကြောင်းပြုလုပ်ပြီး မွေးမြူးရေးလည်းပြုလုပ်ကြသည်။ မြေပဲကိုဓိကထားစိုက်ပျိုးပြီး စပါး၊ နှမ်း ၊ပဲတီ ၊ မတ်ပဲ စသည့်သီနှံများလည်းစိုက်ပျိုးကြသည်။ စိုက်ပျိုးရန်မြေယာများရှိသော်လည်း ရာသီဉတုဒဏ် ၊ ပိုးမွှားဒဏ်တို ့ကြောင့် နှစ်စဉ်ထွက်ငွေပိုမိုများပြားနေရပြီး ငွေကြေးအခက်အခဲများလည်း ရှိပါသည်။ ရွာ၏မြောက်ဘက်တွင် စိုက်ပျိုးမြေအနည်းငယ် ညံ့သောကြောင့် စက်ကရိယာ အခက်အခဲများလည်း ရှိပါသည်။

မွေးမြူရေးတွင် တစ်နိုင်တစ်ပိုင်မွေးမြူပြီး နွားကိုအဓိကထားမွေးမြူကျပါသည်။ ကျေးရွာအတွင်းနှင့်မြို ့နယ်ဆက်သွယ်ထားသောလမ်းများမှာ မြေသားလမ်းများဖြစ်သောကြောင့် မိုးရာသီနှင့်ရေကျချိန်များမှာ သွားလာရအလွန်ခက်ခဲပါသည်။ ကျေးရွာတွင် သောက်သုံးရေမှာ ဖူလုံမှုရှိသော်လည်း ရေဝင်ချိန်တွင်မြစ်ရေကိုသောက်သုံးရသောကြောင့်ကျန်းမာရေးထိခိုက်မှုများရှိသည်။ ကျေးရွာအတွင်းရှိ အိမ်ထောင်စုဝင်(၂၁၀) အိမ်ထောင်စု ရှိပြီးကြွယ်ဝသူများနှင့်နွမ်းပါးသူများရောနှောနေထိုင်ကြပြီး ရွာအစွန်များတွင်နွမ်းပါးသူများ ပို၍နေထိုင်ကျသည်။ ကျေးရွာအတွင်းရှိ အိမ်ထောင်စုဝင်များသည် ဆိုလာမီးကိုအသုံးပြုကြောင့် ညခင်းတွင် သွားလာရ အလွန်ခက်ခဲပါသည်။ ကျေးရွာတွင် အခြေခံမူလတန်းကျောင်းရှိ၍ပညာသင်ကြားရာတွင်အဆင်ပြေသော်လည်း ကျောင်းခြံစည်းရိုး မရှိသဖြင့် လုံခြုံစိတ်ချစွာ ပညာသင်ကြားနိုင်ခြင်း မရှိပါ။

-တိုးတက်ရန်လိုအပ်သောအချက်များမှာကျေးရွာတွင်းလမ်းများနှင့်ရွာချင်းဆက်လမ်းများ ကောင်းမွန်ရန်၊ သောက်သုံးရေသန် ့ရရှိရန်၊ လျှပ်စစ်မီးရရှိရန် ၊စိုက်ပျိုးရေးနည်းစနစ်သစ်နှင့်မျိုးကောင်းမျိုးသန် ့ရရှိရန် နှင့် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖန်တီးနိုင်ရန်တို့ ဖြစ်သည်။

## ၆.၄။ဗင်းပုံစံကို အသုံးပြု၍ အဖွဲ့အစည်းများချိတ်ဆက်မှု နှင့် သုံးသပ်ချက်




### သုံးသပ်ချက်

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ

- ကျေးရွာအတွင်းရှိအဖွဲ့ အစည်းများသည်သူ့ ကဏ္ဍနှင့်သူလုပ်ဆောင်မှုများရှိကြသည်။
- ကာလသား၊ကာလသမီးအဖွဲ့ ၊ လူမှုကူညီရေးအဖွဲ့ ၊ အမျိုးသမီးအဖွဲ့ ၊Past Myanmar (ဒေါ်မြမေ) ၊ လူထုဗဟိုပြုစီမံကိန်းကော်မတီအဖွဲ့ ၊ ဓမ္မစကြာအဖွဲ့ စသည့်အဖွဲ့ များတွင်အမျိုးသမီးများ ဦးဆောင်၍ လုပ်ဆောင်မှုများရှိသည်။
- မြို့နယ်ရှိအဖွဲ့ အစည်းများမှာ ကျေးရွာနှင့် ချိတ်ဆက်မှု အားနည်းနေသည်ကိုတွေ့ ရသည်။
- ချေးငွေပြန်ဆပ်ရန်မလိုသောထောက်ပံ့ပေးသည့်အဖွဲ့အစည်းများအားကျေးရွာလူထုမှ ပို၍သဘောကျနှစ်သက်သည်။

- အုပ်ချုပ်ရေးအဖွဲ့ ၊ ဂေါပကအဖွဲ့ ၊ ကျောင်းကော်မတီ ၊ လူထုဗဟိုပြုစီမံကိန်းကော်မတီအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့ ၊မီးသတ်အဖွဲ့၊ ကာလသား/ကာလသမီးအဖွဲ့ ၊ ဓမ္မစကြာအဖွဲ့ စသည့်အဖွဲ့ များသည် ကျေးရွာနှင့်ချိတ်ဆက်မှုအားကောင်းပါသည်။

**၆.၅။ပင့်ကူအိမ်ကွန်ယက်နှင့် သုံးသပ်ခြင်း**



## သုံးသပ်ချက်

အမျိုးသားများနှင့် အမျိုးသမီးများတန်းတူအခွင့်အရေးရရှိမှုကို သိရှိရန် အဆင့်(၈)ဆင့် သတ်မှတ်ပြီးလေ့လာမှုများ ပြုလုပ်ခဲ့ပါသည်။

-အမျိုးသမီးများသည် အမျိုးသားများထက်ရှေးရိုးအစဉ်အလာအရ အိမ်မှုကိစ္စများနှင့်သာ အချိန်ကုန်လုပ်ကိုင်နေရပါသည်။

-အမျိုးသမီးများသည်ဝင်ငွေရသည့်လုပ်ငန်းများနှင့်အလုပ်အကိုင်အခွင့်အလမ်းတို့တွင်အမျိုးသားများ ထက်အား နည်းသည်။အမျိုးသမီးနှင့် အမျိုးသားများသည် ပညာတက်မြောက်မှု နှင့်ဘာသာရေးလိုက်စားမှုတို့ တွင် တန်းတူညီမျှကိုတွေ့ ရပါသည်။


-အမျိုးသမီးများသည်ဆုံးဖြတ်ချက်ချပိုင်ခွင့်နှင့်ဦးဆောင်နိုင်မှုတို့တွင် အမျိုးသားများထက်အားနည်းသည်ကိုတွေ့ ရသည်။

-အဖွဲ့ အစည်းအများစုသည် အမျိုးသမီးများကို အဖွဲ့ အစည်းများတွင် ပါဝင်ခွင့်မပေးသောကြောင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများသည် အမျိုးသားများထက် ပါဝင်မှုအားနည်းသည်။

-ကျန်းမာရေးစောင့်ရှောက်ခံယူခွင့်တွင် အမျိုးသမီးများသည် အမျိုးသားများလေက် ခံစားခွင့်မရရှိပါ။

-အမျိုးသမီးများကို ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ တွင် နေရာပေးခြင်းဖြင့်ဦးဆောင်နိုင်မှု ၊ ဆုံးဖြတ်ချက်ချနိုင်မှုတို့ တိုးတက်လာနိုင်ပြီး မဝံ့မရဲစိတ်များလည်း ပျောက်ကွယ်သွားမည်ဖြစ်သည်။

## ၆.၆။သုံးစွဲမှုနှင့် ထိန်းချုပ်မှုဇယားနှင့် သုံးသပ်ချက်



သုံးစွဲမှုနှင့်ထိန်းချုပ်မှုပြ ဇယား

သုံးစွဲမှု

| အမျိုးသား | အမျိုးသမီး | အမျိုးသား+အမျိုးသမီး |
|---|---|---|
| ထွန်စက် | ဈေးဆိုင် | အိမ် |
| ထော်လာဂျီ | | ဆိုင်ကယ် |
| နွား | | စာသင်ကျောင်း |
| ကား | | ချောင်း |
| လှည်း | | လယ်မြေ |
| | | ရေတွင်း |
| | | လမ်း |

ထိန်းချုပ်မှု

| အမျိုးသား | အမျိုးသမီး | အမျိုးသား+အမျိုးသမီး |
|---|---|---|
| ကား | ဈေးဆိုင် | လမ်း |
| ထော်လာဂျီ | အိမ် | ချောင်း |
| နွား | | စာသင်ကျောင်း |
| ထွန်စက် | | |
| ရေတွင်း | | |
| လယ်မြေ | | |
| လှည်း | | |

**သုံးသပ်ချက်**

- အိမ်၊ ဆိုင်ကယ်၊ စာသင်ကျောင်း၊ ချောင်း၊ လယ်မြေ၊ ရေတွင်း စသည်တိုကို ကျား-မတန်းတူသုံးစွဲပါသည်။
- ဈေးဆိုင်ကိုအမျိုးသမီးများသုံးစွဲပြီး ထွန်စက် ၊ ထော်လာဂျီ၊ နွား ၊ ကား၊ လှည်း၊ စသည်တိုကို အမျိုးသားများ သုံးစွဲကြပါသည်။
- ကား၊ ထော်လာဂျီ၊ နွား၊ ထွန်စက်၊ ရေတွင်း၊ လယ်မြေ၊ လှည်း၊ စသည်တိုကို အမျိုးသားများ ထိန်းချုပ်ထားပါသည်။
- လမ်း၊ ချောင်း၊ စာသင်ကျောင်း စသည်တိုကို ကျား-မ တန်းတူ ထိန်းချုပ်ထားပါသည်။
- ဈေးဆိုင်၊ အိမ် စသည်တို့ကို အမျိုးသမီးများ ထိန်းချုပ်ထားပါသည်။
- ဆုံးဖြတ်ချက်ချရာတွင် အမျိုးသားများ အများဆုံးချမှတ်ပြီး တစ်ခါတစ်ရံ တန်းတူညီတူ ဆုံးဖြတ်ချက်ချမှတ်ပါသည်။

**၆.၇။ဦးစားပေးအစီအစဉ်ပြဇယား**

**အမျိုးသားနှင့်အမျိုးသမီးများ၏အခက်အခဲများ**

| **စဉ်။** | **အမျိုးသားများတင်ပြသော အခက်အခဲပြဿနာများ** | **စဉ်။** | **အမျိုးသမီးများတင်ပြသော အခက်အခဲပြဿနာများ** |
|---|---|---|---|
| **၁။** | ကျေးရွာတွင်းလမ်း မကောင်းသည့် အခက်အခဲ | **၁။** | ကျေးရွာတွင်းလမ်း မကောင်းသည့် အခက်အခဲ |
| **၂။** | ကျန်းမာရေးနှင့်ပတ်သတ်သည့် ဆေးပေး ခန်း အခက်အခဲ | **၂။** | ဆေးပေးခန်း မရှိသည့် အခက်အခဲ |
| **၃။** | ကျေးရွာတွင်လျှပ်စစ်မီးမရှိသည့် ပညာရေးခက်ခဲ | **၃။** | ကျေးရွာမီးမရှိသည့်အတွက် ပညာရေးနောင့်နှေး |
| **၄။** | ချောင်းကူးတံတားမရှိသည့်အတွက် ရေဂင်လျှင်ခက်ခဲ (စိုက်ပျိုးရေး) | **၄။** | ရေကြီးလျှင်တံတားမရှိသည့် အခက်အခဲ (စိုက်ပျိုးရန် တစ်ဘက်ကမ်း) |
| **၅။** | ကျေးရွာစာကြည့်တိုက်မရှိသည့်အတွက် ဗဟုသုတ နည်းပါး | **၅။** | ကျေးရွာစာကြည့်တိုက် မရှိသည့်အခက်အခဲ |
| **၆။** | လူမှုကူညီရေးကား မရှိသည့်အခက်အခဲ | **၆။** | ကျောင်းအုတ်တံတိုင်းမရှိသည့်အတွက် လုံခြုံမှုမရှိ |
| **၇။** | စိုက်ပျိုးရန် စက်ကရိယာ အခက်အခဲ | **၇။** | စိုက်ပျိုးရန် မျိုးကောင်းမျိုးသန့် အခက်အခဲ |

**အမျိုးသားနှင့်အမျိုးသမီးများ၏ မျှော်မှန်းချက်များ**

| စဉ်။ | အမျိုးသားတင်ပြသော မျှော်မှန်းချက်များ | စဉ်။ | အမျိုးသမီးတင်ပြသော မျှော်မှန်းချက်များ |
|---|---|---|---|
| ၁။ | ကျေးရွာတွင်းလမ်းများ ကောင်းမွန်စွာ သွားလာနိုင်ရန် | ၁။ | ကျေးရွာတွင်းလမ်းများ ကောင်းမွန်စွာ သွားလာနိုင်ရန် |
| ၂။ | ဆေးပေးခန်းရှိပြီး ကျန်းမာရေးအတွက် အဆင်ပြေစေချင်တယ် | ၂။ | ဆေးပေးခန်းရှိပြီး ကျန်းမာရေးအတွက် အဆင်ပြေစေချင်တယ် |
| ၃။ | ကျေးရွာတစ်ရွာလုံးမီးလင်းပြီး အသိပညာတိုးပွားစေချင်တယ် | ၃။ | ကျေးရွာတစ်ရွာလုံးမီးလင်းပြီး အသိပညာတိုးပွားစေချင်တယ် |
| ၄။ | ချောင်းကူးတံတားရှိပါက ရေဝင်လျှင်လည်း သွားလာနိုင် | ၄။ | ချောင်းကူးတံတားရှိပါက ရေဝင်လျှင်လည်း သွားလာနိုင် |
| ၅။ | ကျေးရွာစာကြည့်တိုက်ရှိ၍ အသိပညာတိုးစေချင်တယ် | ၅။ | ကျေးရွာစာကြည့်တိုက်ရှိ၍ အသိပညာတိုးစေချင်တယ် |
| ၆။ | လူမှုကူညီရေးကား ရှိ၍အလွယ်တကူ ဆေးကုသနိုင်စေချင် | ၆။ | ကျောင်းဝန်းအုတ်တံတိုင်းရှိ၍ လုံခြုံစွာ ပညာသင်ကြားစေချင်တယ် |
| ၇။ | စိုက်ပျိုးရေး မျိုးကောင်းမျိုးသန့် ရှိ၍ ထွက်နှုန်းတိုးရန် | ၇။ | စိုက်ကရိယာ ရှိ၍ အချိန်မှီစိုက်ပျိုးချင်တယ် |

**ကျေးရွာမျှော်မှန်းချက်လေ့ကျင့်ခန်းမှ ရရှိလာသောရလဒ်**

| | |
|---|---|
| **ကျေးရွာ၏ မျှော်မှန်းချက်** | ကျေးရွာသည် လမ်းပန်းဆက်သွယ်ရေးများကောင်းမွန်၍ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးများ တိုးတက်ကောင်းမွန်လာပြီး ဆင်းရဲသား ပပျောက်သော ကျေးရွာဖြစ်လာရမည်။ စိုက်ပျိုးရေးနည်းပညာများ ၊ မွေးမြူရေးနည်းပညာများ ၊အိမ်တွင်းမှုအသက်မွေးဝမ်းကျောင်းနည်းပညာများ၊ စက်ပြင်မှု အတတ်ပညာများ တတ်မြောက်လာမှုကြောင့် ဝင်ငွေအခွင့်အလမ်းရရှိကာ စီးပွာရေးများ တိုးတက်၍ လူနေမှု အဆင့်အတန်း မြင့်မားလာရမည်။ |
| **အနာဂတ်တွင် ကျေးရွာပိုမိုဖွံ့ဖြိုးတိုက်းတက်ရန်ကျေးရွာသူ/သားများ၏မျှော်မှန်းထားရှိမှု** | လူထုဗဟိုပြုစီမံကိန်း၏ လူထုသို့ တိုက်ရိုက်ထောက်ပံ့ငွေကို အသုံးချ၍ လမ်းပန်းဆက်သွယ်ရေးများ ကောင်းမွန်လာပြီး ဒေသစီးပွားရေး ၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ တိုးတက်ကောင်းမွန်လာရမည်။ အကောင်အထည်မဖော်နိုင်သော လုပ်ငန်းများကို သက်ဆိုင်ရာဌာနဆိုင်ရာများ နှင့် ချိတ်ဆက်လုပ်ကိုင်မှုများ ပြုလုပ်မည်။ မြို့နယ်တွင်းသို့ အစိုးရမဟုတ်သော အဖွဲ့အစည်းများ ဝင်ရောက်မှုများ ရှိပါက ကျေးရွာလိုအပ်ချက်များကို တင်ပြ၍ အကူအညီတောင်းခံမှုများ ပြုလုပ်မည်ဖြစ်သည်။ |

**ထုံးကြိုင်ကျေးရွာ အမျိုးသားအမျိုးသမီးများ ဦးစားပေးရွေးချယ်ထားသော ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ**

၁။ကျေးရွာတွင်းလမ်း (ကျား+မ)

၂။ကျောင်းအုတ်တံတိုင်း ကာရံခြင်း (မ)

၃။လျှပ်စစ်မီးသွယ်တန်းခြင်း (ကျား+မ)

၄။ကျေးလက်ဆေးပေးခန်း (ကျား+မ)

၅။ချောင်းကူးတံတား (ကျား+မ)

၆။စာကြည့်တိုက် (ကျား+မ)

၇။လူမှုကူညီရေးကား (ကျား)

၈။စိုက်ပျိုးရေး နည်းပညာ (ကျား+မ)

**လုပ်ဆောင်မှုများ**

ကျေးရွာအတွင်းရှိ စီမံကိန်းလုပ်ငန်းခွဲများအတွက် အဓိက ဦးစားပေး ပြဿနာများ ဖော်ထုတ်ရာတွင် အမျိုးသားများ၊အမျိုးသမီး များ တင်ပြလာသော အခက်အခဲများကို စုပေါင်း၍ ဦးစားပေးလုပ်ငန်းအဖြစ် အဆင့်သတ်မှတ်၍ကျေးရွာလူထု၏သဘောတူညီဖြင့်လုပ်ငန်းများကိုဦးစားပေးရွေးချယ်ပါသည်။အမျိုး သားများ တင်ပြလာသော ပြဿနာများနှင့် အမျိုးသမီးများ တင်ပြလာသောပြဿနာများကို ပေါင်း၍ဦးစားပေးလုပ်ငန်းတစ်ခုအဖြစ် သတ်မှတ်ပါသည်။ဦးစားပေးပြဿနာများကို အနည်းဆုံး (၈)ခုအထိ တင်ပြ ဆွေးနွေးခဲ့ပါသည်။ဦးစားပေးပြဿနာ၏ ပထမဆုံး အဆင့်ရှိ စီမံကိန်း လုပ်ငန်းသည်ကျေးရွာ၏ စီမံကိန်းဒုနတိယနှစ်စ်တွင်ဖြစ်ချင်သော အသေးစားတိုးချဲ့ခြင်းနှင့် ပြုပြင်ခြင်းလုပ်ငန်းတို့

## အမျိုးသမီးကဏ္ဍအစည်းအဝေးမှတ်တမ်းနှင့် စစ်ဆေးရမည့်အချက်များ

### ၁။အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း

စီမံကိန်းပထမနှစ်အတွက်ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန်ဖိတ်ကြားရာတွင်အမျိုးသမီးများအချိုးညီစွာပါဝင်ရန်ကျေးရွာတာဝန်ရှိသူများနှင့်အုပ်ချုပ်ရေးမှူးထံသို့ပြောကြားခဲ့ပါသည်။အစည်းအဝေးတိုင်းတွင်အမျိုးသမီးများပြောကြားလိုသောအချက်များကိုလွတ်လပ်ပွင့်လင်းစွာပြောကြားနိုင်ကြောင်းကိုလည်းအသိပေးထားပါသည်။ကျေးရွာအုပ်စုအဆင့်တွင်နှစ်စဥ်ပြုလုပ်သောလုပ်ငန်းများတွင်အမျိုးသမီးများတင်ပြတောင်းဆိုသောလုပ်ငန်းတခုပါဝင်မည်ဖြစ်ကြောင်းကိုလည်းပြောကြားခဲ့ပါသည်။လုပ်ငန်းခွဲများအကောင်အထည်ဖော်ဆောင်ရွက်သောလုပ်ငန်းဖြစ်ပါကတူညီသောလုပ်ငန်းအတွက်တူညီသောလုပ်ခလစာများရှိမည်ကိုလည်းပြောကြားခဲ့ပါသည်။စီမံကိန်းတွင်အမျိုးသမီး/သားခွဲခြားမှုများမရှိစေရန်ရည်ရွယ်ထားသည်ကိုလည်းပြောကြားမှုပြုလုပ်ခဲ့သည်။အမျိုးသမီးများ၏ဦးဆောင်နိုင်မှုနှင့်စီမံခန့်ခွဲမှုစွမ်းရည်များတိုးတက်လာစေရန်အတွက်ကော်မတီများထဲတွင်အမျိုးသမီးများ(၅၀%)ပါဝင်ရမည်ဖြစ်သည်။ဆပ်ကော်မတီတခုတိုင်းတွင်လည်းအနည်းဆုံးအမျိုးသမီးတဦးပါဝင်ရမည်ဖြစ်ပါသည်။ကော်မတီဝင်အမျိုးသမီးများသည်တင်ပြဆွေးနွေးမှုများပြုလုပ်ခြင်း၊ဆုံးဖြတ်ချက်များချခြင်းများပြုလုပ်ရမည်ဖြစ်ပါသည်။အမျိုးသားများမှလည်းကူညီပံ့ပိုးပေးရမည်ဖြစ်ပါသည်။ဒုတိယအကြိမ်အစည်းအဝေးများတွင်အမျိုးသမီးများသည်လိုအပ်ချက်အခက်အခဲများကိုလွတ်လပ်စွာဆွေးနွေးနိုင်ရန်အမျိုးသမီးသီးသန့်အုပ်စုများဖွဲ့ပြီးအခက်အခဲများဖော်ထုတ်ခြင်းကိုလည်းလုပ်ကိုင်ခဲ့ပါသည်။

### ၇။ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ












**ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီဖွဲ့စည်းပုံ နှင့် ကော်မတီဝင်များ**




<u>**ကျေးရွာ စီ/ထောက် ဥက္ကဌ နှင့် အဖွဲ့ဝင်များ**</u>

**၁။ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ**

ဦးမြဲအောင်  (ကျေးရွာစီ/ထောက်ဥက္ကဌ)   ၀၉-၉၇၄၁၁၅၄၄၄

ဒေါ်သီသီထွန်း (ကျေးရွာစီ/ထောက်ဥက္ကဌ)   ၀၉-၉၇၁၁၉၅၃၆၇

ဦးစောလွင်  (ကျေးရွာ စီ/ထောက် အဖွဲ့ဝင် )  ၀၉-၉၇၆၅၂၈၅၄၇

**၂။ကျေးရွာစာရင်းကိုင်**

ဦးအောင်စိုး   ၀၉-၇၉၁၁၇၃၃၉၀

**၃။ဂယ်ယူရေးဆပ်ကော်မတီ**

ဦးကျော်ကဲ့ (အဖွဲ့ခေါင်းဆောင်)၀၉-၉၇၆၄၅၂၁၈၇

ဒေါ်နှင်းနှင်း  (အဖွဲ့ဝင်) ၀၉-၇၈၀၇၆၄၁၅၆

ဒေါ်သီတာမိုး  (အဖွဲ့ဝင်) ၀၉-၉၇၄၂၉၅၇၉၂

**၄။စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ**

ဦးကျော်ဆန်းဦး (အဖွဲ့ ခေါင်းဆောင်) ၀၉-၉၇၉၄၂၉၆၅၄

ဒေါ်အိအိငြိမ်း (အဖွဲ့ ဝင်) ၀၉-၇၈၄၉၃၄၉၅၀

ဦးစိုး (အဖွဲ့ ဝင်) ၀၉-၇၇၄၇၆၉၉၁၄

**၅။လုပ်ငန်းလည်ပတ်ပြုပြင်ထိန်းသိမ်းရေးကော်မတီ**

ဦးရဲထွန်း (အဖွဲ့ ခေါင်းဆောင်) ၀၉-၉၆၆၁၈၃၃၄၇

ဒေါ်ထွေးထွေး (အဖွဲ့ ဝင်) ၀၉-၇၇၀၂၁၅၉၂၈

ဒေါ်ငြိမ်းသန်းဆွေ (အဖွဲ့ ဝင်) ၀၉-၉၇၄၈၆၅၀၇၃

**၆။ဂေဖန်အကြံပြု တိုင်ကြားရေးတာဝန်ခံ**

ဦးငြိမ်းမောင် ၀၉-၇၉၀၈၄၂၆၉၉

ဒေါ်ချိုမာ ၀၉-၇၈၅၇၁၄၃၂၀

**၇။ကျေးရွာစေတနာ့ဝန်ထမ်း**

ဦးကျော်မင်းဦး

ဒေါ်စန္ဒာဖြိုး ၀၉-၇၉၆၄၇၈၀၆၃

ဒေါ်သဲစုစုမိုး ၀၉-၇၉၃၁၉၅၂၃၉

# ၈။ကျေးရွာအခြေခံအချက်အလက်များ (ပုံစံ-၁)

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်း မိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| [illegible] | [illegible] | [illegible] |

| ပြည်နယ်၊တိုင်းဒေသကြီး [illegible] | မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |
|---|---|---|---|

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) --[illegible]--- | ၂၁၀ | ဘာသာ (၁) --[illegible]------ | ၂၁၀ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၂ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၃၅ | | |
| စစ်ဘေးရှောင် | - | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၃၈၃ | ၄၄၃ |
| လူမျိုးစု (၁)---------- | | |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၁၆၅ | ၄၅ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☑ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☑ |

| | | | | | |
|---|---|---|---|---|---|
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| *မှတ်ချက်* | | *မှတ်ချက်* | | *မှတ်ချက်* | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| လတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| ထ[illegible]န်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| လယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| ကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| ခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| *ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | (မြေသားလမ်း) | လူသွားလမ်း | အခြား ________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — (ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /(မသိပါ)

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--၁----/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်--၁၅ မိနစ်---- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လှား/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်--------၃၀ မိနစ်------- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လှား/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

□ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ --- [illegible] ---

**(ဈ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ---------- Past Myanmar

(၂) ----------------------------------------

**(ည) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

□ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးမြင့်အောင်

လက်မှတ် [signature] နေ့စွဲ 26.12.2016

လူထုစည်းရုံးရေးမှူး အမည် ဦးသိန်းသန်းအောင်

လက်မှတ် Aung နေ့စွဲ 26.12.2016

# ၉။စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)



ပုံစံ - စ - ၂ -စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

***လမ်းညွှန်ချက်။*** သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။

စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးသိန်းသန်းအောင်

| | |
|---|---|
| နေ့စွဲ ၃၀.၁၂.၂၀၁၆ | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) ✓စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) |

| | | | |
|---|---|---|---|
| ပြည်နယ်/တိုင်း စစ်ကိုင်း | မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၃၀.၁၂.၂၀၁၆ | ၃၀.၁၂.၂၀၁၆ | ၈၅ | ၃၇ | ၁၂၂ | ၁၂၂ \| မြန်မာ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၃၁.၁၂.၂၀၁၆ | ၃၁.၁၂.၂၀၁၆ | ၁၂၈ | ၇၇ | ၂၀၅ | ၂၀၅ \| မြန်မာ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၁.၁.၂၀၁၇ | ၁.၁.၂၀၁၇ | ၁၀ | ၆ | ၁၆ | ၁၆ \| မြန်မာ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၂၃.၁.၂၀၁၇ | ၂၃.၁.၂၀၁၇ | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၁၁.၁.၂၀၁၇ | ၁၁.၁.၂၀၁၇ | ၉၅ | ၇၇ | ၁၇၂ | ၁၇၂ \| မြန်မာ |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေး ရေးအစီအစဉ် ရေးဆွဲခြင်း | ၁၀.၂.၂၀၁၇ | ၁၀.၂.၂၀၁၇ | ၈၁ | ၆၄ | ၁၄၅ | ၁၄၅ \| မြန်မာ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | ၁၀.၂.၁၇ | ၁၀.၂.၁၇ | ၈၁ | ၆၄ | ၁၄၅ | ၁၄၅ | မဟာ |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | ၁၀.၂.၁၇ | ၁၀.၂.၁၇ | ၈၁ | ၆၄ | ၁၄၅ | ၁၄၅ | မဟာ |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | ၁၀.၂.၂၀၁၇ | ၁၀.၂.၂၀၁၇ | ၈၁ | ၆၄ | ၁၄၅ | ၁၄၅ | မဟာ |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့်အစည်းအဝေး<br>၇.၁။ အစည်းအဝေး ပထမအကြိမ်<br>၇.၂။ အစည်းအဝေး ဒုတိယအကြိမ်<br>၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်းအစည်းအဝေး | | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | |

# ၁၀။ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (ပုံစံ-၃)

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

*လမ်းညွှန်ချက်။* အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

| | |
|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဒေါ်နန်းခိုင်အေး / ဦးသိန်းသန်းအောင် | |
| နေ့စွဲ - ၁.၁.၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း - စစ်ကိုင်း / မြို့နယ် - မြောင် | ကျေးရွာအုပ်စု - ဘုန်းကောင်း / ကျေးရွာ - ဆိုးကြိုင် |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည့်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | ကျေးရွာတွင်းလမ်းမကောင်းသည့် အခက်အခဲ | ၁ | ကျေးရွာတွင်းလမ်းမကောင်းသည့် အခက်အခဲ |
| ၂ | ကျန်းမာရေးနှင့်ပတ်သက်သည့်အခက်အခဲ | ၂ | ဆေးပေးခန်းမရှိသည့် အခက်အခဲ |
| ၃ | ကျေးရွာမီးမရှိသည့်အတွက် ပညာရေးခက်ခဲ | ၃ | ကျေးရွာမီးမရှိသည့်အတွက် ပညာရေးနောင့်နှေး |
| ၄ | ချောင်းကူးတံတားမရှိသည့်အတွက်ရေစင်လျှင်ခက်ခဲ | ၄ | ရေကြီးလျှင်တံတားမရှိသည့် အခက်အခဲ |
| ၅ | ကျေးရွာစာကြည့်တိုက်မရှိသည့်အတွက် အခက်အခဲ | ၅ | ကျေးရွာစာကြည့်တိုက် မရှိသည့် အခက်အခဲ |
| ၆ | လူမှုကူညီရေးကား မရှိသည့် အခက်အခဲ | ၆ | ကျောင်းဆုတ်တံတိုင်း မရှိသည့်အတွက် လုံခြုံမှုမရှိ |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ရွာတွင်းလမ်းကောင်းမွန်စေချင်တယ် | ၁ | ကျေးရွာတွင်းလမ်းများ ကောင်းမွန်စွာသွားလာနိုင်ရန် |
| ၂ | ကျေးလက်ဆေးပေးခန်း ရှိစေချင်တယ် | ၂ | ဆေးပေးခန်းရှိပြီး ကျန်းမာရေးအဆင်ပြေစေချင်တယ် |
| ၃ | မီးလင်းပြီး တစ်ရွာလုံး အသိပညာတိုးပွားချင် | ၃ | ကျေးရွာတစ်ရွာလုံး မီးလင်းပြီး အသိပညာတိုးပွားစေချင်တယ် |
| ၄ | ရေတက်လျှင်သွားလာရန်ချောင်းကူးတံတားဖြစ်ချင် | ၄ | ချောင်းကူးတံတားရှိခဲ့ပါက ရေစင်လျှင်လည်း သွားလာနိုင် |
| ၅ | စာကြည့်တိုက်ရှိပြီး အသိပညာတိုးပွားချင် | ၅ | ကျေးရွာစာကြည့်တိုက် ဖြစ်စေချင်တယ် |
| ၆ | လူမှုကူညီရေးကား ရှိစေချင် | ၆ | ကျောင်းဆုတ်တံတိုင်း လုံခြုံစေချင်တယ် |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | ကျေးရွာတွင်းလမ်း (၈၀၀'x၁၈'x၆") | အမျိုးသား+အမျိုးသမီး | ၁၃,၂၀၀,၀၀၀ | ၈၂၆ |
| ၂ | ကျောင်းဆုတ်တံတိုင်း ကာရံခြင်း | အမျိုးသမီး | ၁၀,၀၀၀,၀၀၀ | ၈၂၆ |
| ၃ | လျှပ်စစ်မီး သွယ်တန်းခြင်း | အမျိုးသား+အမျိုးသမီး | ၃၀,၀၀၀,၀၀၀ | ၈၂၆ |
| ၄ | ကျေးလက်ဆေးပေးခန်း (၃၀'x၃၀') | အမျိုးသား+အမျိုးသမီး | ၁၂,၅၀၀,၀၀၀ | ၈၂၆ |
| ၅ | ချောင်းကူးတံတား | အမျိုးသား+အမျိုးသမီး | ၈,၀၀၀,၀၀၀ | ၈၂၆ |
| ၆ | စာကြည့်တိုက် (၃၀'x၃၀') | အမျိုးသား+အမျိုးသမီး | ၁၂,၅၀၀,၀၀၀ | ၈၂၆ |

၁၁။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ဆက်ချုပ်လုပ်ငန်း | အမျိုးသမီး | အသက်မွေးဝမ်းကျောင်း |
| ၂ | မှို လုပ်ငန်း | အမျိုးသမီး | " |
| ၃ | စိုက်ပျိုးရေး မျိုးကောင်းမျိုးသန့် | အမျိုးသမီး | စိုက်ပျိုးရေး အခန်းကဏ္ဍ |
| ၄ | စိုက်ပျိုးရေးအတွက် သွင်းအားစု | အမျိုးသား | " |
| ၅ | စိုက်ပျိုးရေးအတွက် (လယ်ထွန်စက်) | အမျိုးသား | " |

* ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ------------------------------ လက်မှတ် ------------------------------ နေ့စွဲ ------------------------------

ဦးမြဲ အောင် [signature] ၃၁.၁၂.၂၀၁၆

ဒေါ်သီသီထွန်း [signature] ၃၁.၁၂.၂၀၁၆

## ၁၁။ကျေးရွာအုပ်စုစီမံကိန်း လုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (ပုံစံ-၄)



### ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

***လမ်းညွှန်ချက်၊*** စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ်ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

| | |
|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် - ဒေါ်နှင်းခိုင်အေး၊ ဦးသိန်းဘန်းအောင် | |
| နေ့စွဲ - ၁.၁.၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) □စက်ဝန်း(၁) ☑စက်ဝန်း(၂) □စက်ဝန်း(၃) □စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း - မကွေး ; မြို့နယ် - မြောင် | ကျေးရွာအုပ်စု - ဘုန်းကောင်းအုပ်စု |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖေါ်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ဘုန်းကောင်း | ကွန်ကရစ်နှင့်ဂျင်းလမ်း ပြုလုပ်ခြင်း | (၈၀၀'x၁၈'x ၀'၆") | ၈၂၀ ကျ - ၃၇၅ မ - ၄၄၅ | □ ကျား □ မ ☑ ကျား+ မ | ၁၃,၂၀၀,၀၀၀ | | | | ၁၃,၂၀၀,၀၀၀ |
| | | | | □ ကျား □ မ □ ကျား+ မ | | | | | |
| ထုံးကြိုင် | ကွန်ကရစ်နှင့်ဂျင်းလမ်း ပြုပြင်ခြင်း | (၈၀၀'x၁၈'x ၀'၆") | ၈၂၆ ကျ - ၃၈၃ မ - ၄၄၃ | □ ကျား □ မ ☑ ကျား+ မ | ၁၃,၂၀၀,၀၀၀ | | | | ၁၃,၂၀၀,၀၀၀ |
| | | | | □ ကျား □ မ □ ကျား+ မ | | | | | |
| | | | | □ ကျား □ မ □ ကျား+ မ | | | | | |

| ရာထူး | အမည် | လက်မှတ် | ရက်စွဲ |
|---|---|---|---|
| ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ | ဦးသိန်း | (လက်မှတ်) | ၁.၁.၂၀၁၇ |
| | ဒေါ်ဘိုဘိုစုန်း | (လက်မှတ်) | ၁.၁.၂၀၁၇ |

## ၁၂။အစည်းအဝေးမှတ်တမ်းများ

### စစ်ကိုင်းတိုင်းဒေသကြီး၊မြောင်မြို့နယ်

### ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ။ ။ထုံးကြိုင်ကျေးရွာ

ကျေးရွာအုပ်စု။ ။ ။ဘုန်းကောင်းကျေးရွာအုပ်စု

အစည်းအဝေးပြုလုပ်သည့်နေရာ။ ။ ထုံးကြိုင်ကျေးရွာ၊ဓမ္မရုံကျောင်းတိုက်

အချိန် ။ ။ (၁)နာရီ မှ (၄း၃၀)နာရီ

နေ့စွဲ ။ ။၃၀.၁၂.၂၀၁၆

အကြောင်းအရာ။ ။ဒုတိယနှစ်စီမံကိန်း မိတ်ဆက်အစည်းအဝေး ပထမအကြိမ်အစည်းအဝေးပြု လုပ်ခြင်း။

ဆွေးနွေးချက်(၁)။ ။ဒုတိယနှစ်စက်ဂန်းပထမအကြိမ်မိတ်ဆက်အစည်းအဝေးတွင် ကျေးရွာဥက္ကဌမှ ကျေးရွာလူထုအား အစည်းအဝေးတက်ရောက်ရန် မှာကြားပြီး မိမိတို့ ကျေးရွာ၏ အိမ်ထောင်စု (၅၀%) နှုန်းတက်မှအစည်းဖြစ်မြောက်ကြောင်းကျေးရွာလူထုအားအဖွင့်အမှာစကားပြောကြားခဲပါသည်။လူထုဗ ဟိုပြု စီမံကိန်းမှ ဂန်ထမ်းများကို မိတ်ဆက်အဖွင့်အမှာစကားပြောကြားခြင်း။ထို့နောက် ဂန်ထမ်းများမှ အဖွဲ့ အစည်းအမည်၊အလှူရှင်အမည်၊အကောင်အထည်ဖော်ဆောင်ရွက်သည့် ဌာနနှင့် ကျား၊မ ရေးရာ ကဏ္ဍများအကြောင်း မိတ်ဆက်ရှင်းလင်းပြောကြားပြီး ကျေးရွာ စေတနာ့ ဂန်ထမ်းရွေးချယ်ခြင်း(က+မ) တွင် လူထု၏ အတည်ပြုချက်နှင့် မဟုတ်ဘဲ လျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်ခြင်း၊လူထုပူပေါင်း ပါဂင် သောလူမှုဆန်းစစ်ခြင်းများ ပြုလုပ်သွားမည် ဖြစ်ကြောင်းကို ဆွေးနွေးခဲ့ပါသည်။

ဆွေးနွေးချက်(၂)။ ။မိတ်ဆက်ဆွေးနွေးမှုအပြီးတွင် ကျေးရွာစေတနာ့ဂန်ထမ်းလိုက်နာရမည့် စည်း ကမ်းချက်များကို ရှင်းလင်းပြောကြား၍ ကျေးရွာလူထုကိုယ်တိုင် လျှို့ဝှက်မဲပေးစနစ်ဖြင် ့ စေတနာ့ဂန် ထမ်း(ကျား-၁)၊(မ-၁) ကို ရွေးချယ်ရန် ဆွေးနွေးခဲ့ပါသည်။

ဆုံးဖြတ်ချက်(၁)။ ။ကျေးရွာလူထုမှစီမံကိန်း၏ဖွဲ့စည်းပုံလုပ်ဆောင်ရမည့်အချက်များနှင့်လိုက်နာကျင့်သုံးရမည့်နည်းလမ်းများကိုလိုက်နာဆောင်ရွက်ရန်၊စေတနာ့ဝန်ထမ်းရွေးချယ်ခြင်းကိစ္စနှင့်ပတ်သက် ၍ တက်ရောက်လာသောကျေးရွာလူထုမှအမှန်တကယ်လုပ်ဆောင်နိုင်သူ၊ကျေးရွာဖွံ့ဖြိုးရေးအတွက် စိတ်ပါဝင်စားသူ၊ပြောတတ်ဆိုတတ်ရှိသူများကိုရွေးခြယ်ရန်ပြောကြားပြီး စေတနာ့ဝန်ထမ်း (က-၁)(မ-၁) ကို တက်ရောက်လာသော ကျေးရွာလူထုမှ လျှို့ဝှက်မဲစနစ်ဖြင့် ရွေးချယ်ရန် ဆုံးဖြတ်ခဲ့သည်။ထို့နောက် လူမှုဆန်းစစ်ခြင်း(လူမှုရေးရင်းမြစ်ပြမြေပုံ၊ရာသီခွင်ပြဇယား၊ပင့်ကူအိမ်သုံးသပ်ခြင်း၊ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း၊ဇန်းကားချပ်(အဖွဲ့အစည်းချိတ်ဆက်မှု)၊ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှု၏အကြောင်းတွင်ပါဝင်သောထူးခြားဖြစ်စဉ်များအမျိုးသမီးဆိုင်ရာသုံးသပ်ချက်များ၊အသက်မွေးဝမ်းကြောင်းဆိုင်ရာများကို ဆက်လက်ဆွေးနွေးရန် ဆုံးဖြတ်ခဲ့ကြပါသည်။

**သဘောတူညီမှုများ**

(၁)ကျေးရွာသူ/သားများအားလုံး စီမံကိန်းမှ ရရှိလာသော ရံပုံငွေကို ကျေးရွာတွင် အကျိုးရှိစွာ သုံးစွဲရန် သဘောတူခဲ့ပါသည်။

(၂)ကျေးရွာစေတနာ့ဝန်ထမ်း(၂)ဦးအား လျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်ရန် သဘောတူညီခဲ့ကြပါသည်။

(၃)ရွေးချယ်ခံရသော စေတနာ့ဝန်ထမ်း(၂)ဦးမှာလည်း အမှန်တကယ် လုပ်ဆောင်နိုင်ကြောင်း သဘောတူခဲ့ပါသည်။

(၄)ထို့နောက် တက်ရောက်လာသော ကျေးရွာလူထုမှ လူမှုဆန်းစစ်ခြင်း(PRA)အဆင့်များကို ဆွေးနွေးပါသည်။

| | |
|---|---|
| မှတ်တမ်းတင်သူ | အတည်ပြုသူ |
| ဦးကျော်မင်းဦး | ဦးသိန်းသန်းအောင် |
| စေတနာ့ဝန်ထမ်း | လူထုစည်းရုံးရေးမှူး |

**စစ်ကိုင်းတိုင်းဒေသကြီး၊မြောင်မြို့နယ်**

**ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးမှတ်တမ်း**

ကျေးရွာ ။ ။ထုံးကြိုင်ကျေးရွာ

ကျေးရွားအုပ်စု။ ။ဘုန်းကောင်းကျေးရွာအုပ်စု

အစည်းအဝေးပြုလုပ်သည့်နေရာ။ ။ထုံးကြိုင်ကျေးရွာ၊ဓမ္မရုံကျောင်းတိုက်

အချိန် ။ ။(၈း၃၀)နာရီ မှ (၁၁း၃၀)နာရီ

နေ့စွဲ။ ။၃၁.၁၂.၂၀၁၆

အကြောင်းအရာ။ ။ဒုတိယနစ်စီမံကိန်း ဒုတိယအကြိမ်အစည်းအဝေး ဦးစားပေးလုပ်ငန်းရွေးချယ်ခြင်းနှင့် ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီရွေးချယ်ခြင်း။

အစည်းအဝေးတက်ရောက်သူများ။ ။ကျေးရွာသား(၁၂၈)၊ကျေးရွာသူ(၇၇)၊စေတနာ့ဝန်ထမ်း အမျိုးသား(၁)ဦး၊အမျိုးသမီး(၁)ဦး

ဆွေးနွေးချက်များ

ဆွေးနွေးချက်(၁)။ ။ပထမအကြိမ်အစည်းအဝေးတွင် လူမှုဆန်းစစ်ခြင်းများ ပြုလုပ်ရာမှ ရရှိလာသောအခက်အခဲများကို ပြန်လည်တင်ပြပြီး ဒုတိယအကြိမ် လူမှုဆန်းစစ်ခြင်းများ၍ ရရှိသောအခက်အခဲများစုပေါင်း၍ဦးစားပေးလုပ်ငန်းခွဲရွေးချယ်ခြင်းများ ပြုလုပ်မည့်အကြောင်းဆွေးနွေးခြင်း။

ဆွေးနွေးချက်(၂)။ ။ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီရွေးချယ်ခြင်းကို လျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်မည်ဖြစ်ကြောင်းကိုဆွေးနွေးခြင်း။

ဆွေးနွေးချက်(၃)။ ။ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီတွင် ပါဝင်သည့်ဆပ်ကော်မတီများဖြစ်သော ကျေးရွာ စီ/ထောက်ကော်မတီ၊စာရင်းကိုင်၊ဝယ်ယူရေးဆပ်ကော်မတီ၊လုပ်ငန်းလည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ၊စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ဝေဖန်အကြံပြုတိုင်ကြားရေးဆပ်ကော်မတီများအားလုံးကော်မတီဝင်(၁၅)ဦးရွေးချယ်မည့်အကြောင်းအရာအားဆွေးနွေးခြင်း။

ဆုံးဖြတ်ချက်များ။ ။ကျေးရွာလူထုမှ လူထုဗဟိုပြုစီမံကိန်းမှ ချမှတ်ထားသော ရှောင်ရန်၊ဆောင်ရန်များကိုလိုက်နာကျင့်သုံးမည့်အကြောင်းကော်မတီရွေးချယ်ခြင်းကိုကျေးရွာမှ အမှန်တကယ်လုပ်ဆောင်

နိုင်မည့်သူများ၊ကျေးရွာဖွံ့ဖြိုးရေးကို စိတ်ဝင်စားလုပ်ကိုင်နိုင်မည့်သူများအား ရွေးချယ်သွားမည်ဖြစ်ကြောင်း၊ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီအားကိုယ်စားပြုသောဆပ်ကော်မတီများကို ကျေးရွာလူထုမှ လျို့ဝှက်မဲပေးစနစ်ဖြင့်ရွေးချယ်မည်ဖြစ်ကြောင်း၊ထို့နောက် ဒုတိယအကြိမ်လူမှုဆန်းစစ်ခြင်းများ ပြုလုပ်၍ ဦးစားပေးလုပ်ငန်းများရွေးချယ်ခြင်းများပြုလုပ်ရန်ဆုံးဖြတ်ခဲ့ကြပါသည်။

သဘောတူညီမှုများ

(၁)ဒုတိယအကြိမ်လူထုဆန်းစစ်မှုပြုလုပ်ရန် သဘောတူ။

(၂)ပထမနှင့်ဒုတိယအကြိမ်မှ ရရှိသော အခက်အခဲများကို စုပေါင်း၍ ဦးစားပေးလုပ်ငန်းရွေးချယ်ရန်သဘောတူ။

(၃)ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီအား လျို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်ရန် သဘောတူ။

(၄)ထို့နောက်ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီတွင် ပါဝင်သောဆပ်ကော်မတီများ ဖြစ်ကြသောကျေးရွာ စီ/ထောက်ကော်မတီဥက္ကဌ(က-၁)(မ-၁)နှင့် အဖွဲ့ဝင်(၁)ဦး၊ဂယ်ယူရေးဆပ်ကော်မတီအဖွဲ့ခေါင်းဆောင်(၁)ဦးနှင့်အဖွဲ့ဝင်(၂)ဦး၊လုပ်ငန်းလည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီအဖွဲ့ခေါင်းဆောင်(၁)ဦးနှင့်အဖွဲ့ဝင်(၂)ဦး၊စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ အဖွဲ့ခေါင်းဆောင်(၁)ဦးနှင့် အဖွဲ့ဝင်(၂)ဦး၊ဝေဖန်အကြံပြုတိုင်ကြားရေးဆပ်ကော်မတီတာဝန်ခံ(၂)ဦး အသီးသီးရွေးချယ်ရန် သဘောတူညီကြပါသည်။

(၅)ရွေးချယ်ခံရမည့်သူများမှာလည်း အမှန်တကယ်လုပ်ကိုင်နိုင်ကြောင်းသဘောတူညီကြပါသည်။

| | |
|---|---|
| မှတ်တမ်းတင်သူ | အတည်ပြုသူ |
| ဦးကျော်မင်းဦး | ဦးသိန်းသန်းအောင် |
| စေတနာ့ဝန်ထမ်း | လူထုစည်းရုံးရေးမှူး |

## ၁၃။ကဏ္ဍအလိုက် အခက်အခဲမှတ်တမ်း

### ထုံးကြိုင်ကျေးရွာ ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| | | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှ ထောက်ပံ့သူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အဦး | ၁ | လမ်း(ရွာတွင်း၊ရွာချင်းဆက်) | ကျား၊မ | ၂၀၁၇ | ရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၂ | လျှပ်စစ်မီးလင်းရေး | ကျား၊မ | ၂၀၁၈ | ကော်မတီဝင် ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၃ | ကျောင်းအုတ်တံတိုင်း | ကျား၊မ | ၂၀၁၇ | ကော်မတီဝင် ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၄ | ချောင်းကူးတံတား | ကျား | ၂၀၁၈ | ကော်မတီဝင် ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၅ | - | - | - | - | - |
| အသက်မွေးဝမ်းကြောင်း၊ စိုက်ပျိုးရေး | ၁ | စိုက်ပျိုးရေးအတွက် (လယ်ထွန်စက်) | ကျား | | | |
| | ၂ | စိုက်ပျိုးရေးအတွက် (သွန်းအားစု) | □ျား | | | |
| | ၃ | စိုက်ပျိုးရေးအတွက် မျိုးကောင်းမျိုးသန့် (မြေပဲ၊မတ်ပဲ၊နမ်း၊ပဲတီစိမ်း) | မ | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| ကျန်းမာရေးနှင့် အဟာရ | ၁ | ကျေးရွာဆေးပေးခန်း | ကျား၊မ | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ပညာရေး | | အထက်တန်းကျောင်း | မ | | | |
| | | | | | | |
| | | | | | | |
| အခြား | | စာကြည့်တိုက် | ကျား၊မ | | | |
| | | လူမှုကူညီရေးကား | ကျား | | | |
| | | | | | | |

**၁၄။VDP အရည်အသွေးထိန်းချုပ်မှု(Check List for VDP)**

ထိန်းချုပ်သူ- ရက်စွဲ--------------- ရွာ---------- VDP ရက်စွဲ---------------

မြို့နယ်------------- ကျေးရွာအုပ်စု------------------

(၁)VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။(OM အရ)

- မျက်နှာဖုံး
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးများ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက်(ဆွေးနွေးချက်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောက်လေးနှစ်အတွက် ဦးစားပေး လုပ်ငန်းများစာရင်း(အခြေခံအဆောက်အဦးအသက်မွေးမှု၊ပညာရေး၊လူမှုရေး ထိန်းသိမ်းမှု)

  နောက်ဆက်တွဲများ
- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်) မြေပုံများ ပါရမည်၊စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊Venn ပုံ........
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏ အချက်အလက် (PC-1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂)လူမှုရေးအကဲဖြတ်မှု အရည်အသွေး နှင့် VDP စစ်ဆေးပါ

- VDP တွင် ပါဝင်သောဦးရေ(အမျိုးသား/အမျိုးသမီး)
- လူမှုရေးအကဲဖြတ်မှု အရည်အသွေး နှင့် VDP အတွက် ရက်ပေါင်း
- PRA ပစ္စည်းများ အသုံးပြုသည့် အရေးအတွက်
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း(အစည်းအဝေးမှတ်တမ်း၊အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
- အလွန်ကောင်း
- ကောင်း
- ညံ့
- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထား သလား။
- ရှိ
- မရှိ
- စီမံကိန်းအရေအတွက်(အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)---
- PRA နှင့်သက်ဆိုင်သေအခြား စီမံကိန်း အရေအတွက်(အမျိုးသား/သမီးရွေးချယ်မှု အရေအတွက်)